## ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတ အရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့်ပတ်သက်ပြီး ကချင်ပြည်နယ်လူထု၏ သဘောထားရပ်တည်ချက် ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၇ မတ်လ ၂၀၁၆ ခုနှစ်

မတ်လ ၁ ရက်နေ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် **ကချင်ပြည်နယ် သဘာဝသယံဇာတ အရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့်ပတ်သက်ပြီး ကချင်ပြည်နယ်ရှိ** အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးအဖွဲ့အစည်းများ (၆၁)ဖွဲ့ မှ ခေါင်းဆောင် ပေါင်း (၁၀၃) ဦးတို့ ဆွေးနွေးပြီး အောက်ပါ သဘောထား ရပ်တည်ချက်ကို သဘောတူ ထုတ်ပြန်ကြေငြာ လိုက်ပါသည်။

၁။ စစ်မှန်သောဖယ်ဒရယ်ပြည်ထောင်စု၊ ကိုယ်ပိုင် ပြဌာန်းခွင့် စနစ်ကို အမြန်ဆုံးဖော်ဆောင်၍ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး အာဏာများကို ကချင်ပြည်နယ်တွင် ထားရှိပြီး ပြည်နယ်လွှတ်တော်မှ ရွေးချယ်တင်မြှောက်သော ပြည်နယ် ဝန်ကြီးချုပ်ကို ပြည်ထောင်စု အစိုးရမှ အသိအမှတ် ပြုပေးရမည်။

၂။ ကချင်ပြည်နယ်သူပြည်နယ်သားများသည် ကချင်ပြည်နယ်ရှိ မြေအားလုံး၊ မြေပေါ်၊ မြေအောက်၊ ရေပေါ် ရေအောက်နှင့် လေထုအတွင်းရှိ သဘာဝသယံဇာတအရင်းအမြစ် အားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။

၃။ ကချင်ပြည်နယ်အစိုးရမှ သဘာဝသယံဇာတရင်းမြစ်များကို တိုက်ရိုက် ထုတ်ယူသုံးစွဲခွင့်၊ အခွန်ကောက်ခံပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်၊ အကျိုးအမြတ်ခွဲဝေပိုင်ခွင့် အာဏာကို ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် အာမခံပေးထားရန်။

၄။ တိုင်းရင်းသားနယ်မြေများတွင် ဖြစ်ပွားနေသော ပဋိပက္ခများကို တွန်းအားပေးသော စီမံကိန်းများအားလုံးနှင့် သဘာဝသယံဇာတအရင်းအမြစ် ထုတ်ယူသုံးစွဲမှုများကို နိုင်ငံရေးအရ ဖြေရှင်းနိုင်မှုမရှိသေး သ၍ ရပ်တန့်ထားပေးရန်။

၅။ စီမံကိန်းလိုင်စင် မချမီ မူလဒေသခံများအား ကြိုတင် အသိပေးအကြောင်းကြားခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်နှင့် သဘောတူညီချက်များ ရယူခြင်း (Free, Prior, Inform, Consent) လုပ်ဆောင်ပြီးမှသာ လုပ်ငန်းဆောင်ရွက်ရမည်။

၆။ ပြည်သူလူထု၏ သတင်းရရှိပိုင်ခွင့် (Right to know) ကို လေးစားသောအားဖြင့် သယံဇာတထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ၊ အခွန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းလိုင်စင် ချပေးခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များ၊ အခွန်ဘဏ္ဍာ ခွဲဝေသုံးစွဲခြင်း ဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူ သိသာစေရန် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခြင်း၊ ပညာပေးခြင်းများကို အချိန်နှင့် တပြေးညီပြုလုပ်ပေးရန်။

၇။ သဘာဝသယံဇာတအရင်းအမြစ်ကြောင့် ဖြစ်လာမည့် အကျင့်ပျက်ချစားမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ လက်နက်ကိုင် ပဋိပက္ခ၊ လူမှုရေးထိခိုက်မှု ပြဿနာများကို ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြည့် ကြပ်မတ်ခြင်းနှင့် ဖြစ်ပေါ်လာပါက တာဝန်ယူ တာဝန်ခံမှု ရှိရမည်။

၈။ လက်ရှိအခြေအနေတွင် ပြည်တွင်းပြည်ပ သုတေသီများမှ ဒေသအခြေအနေ၊ နောက်ခံသမိုင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထည့်သွင်းသုံးသပ်ခြင်းမရှိဘဲ ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတအရင်းအမြစ်များမှ ရရှိလာသော အကျိုး အမြတ် ခွဲဝေခြင်းနှင့် ပတ်သက်၍ အချိုးအစား မည်မျှ ရှိသင့်သည်ဟု အကြံပြု၊ ချဉ်းကပ်နေသော လုပ်ဆောင်မှုများ ရှောင်ရှားရန်။

ဆက်သွယ်ရန်

ကိုစာဂျီ - + ၉၅ ၉၇ ၈၉၅၇ ၅၀၂၆
ဒေါ်ခွန်ဂျာ - + ၉၅ ၉၄ ၂၅၂၈ ၈၈၉၉
ဦးလမောင် လတောင် - + ၉၅ ၉၄ ၇၀၂၄ ၉၆၃

**ထောက်ခံသည့်အဖွဲ့များ**

1. ကချင်ယဉ်ကျေးမှုနှင့် စာပေကော်မတီ ( မနော်ကွင်း)
2. ကချင်လူမှု ဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့ (KDNG)
3. ဟူးကောင်းဒေသတောင်သူလယ်သမားအကျိုးဆောင်အဖွဲ့
4. ကချင်ငြိမ်းချမ်းရေးကွန်ရက် (KPN)
5. ကချင်အမျိုးသမီးငြိမ်းချမ်းရေးကွန်ရက် (KWPN)
6. Kachin Women Association Thailand (KWAT)
7. ဥသုံဒေသဖွံ့ဖြိုးရေးအဖွဲ့
8. မျိုးရာလူမှုဖွံ့ဖြိုးရေးအသင်း (MSDS) ကားမိုင်း

9. လွတ်လပ်သောတိုင်းရင်းခရစ်ယာန်အသင်းတော်
10. လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ
11. Nau shawng Education Network (NSEN)
12. Mung Chying Rawt Jat (MRJ)
13. ဂိုက်စ်နှစ်ခြင်းအသင်းတော် (ရှမ်းစုတောင်)
14. မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (Angalican)
15. ဆဒုံးဒေသနှစ်ခြင်းခရစ်ယာန်အသင်းတော်
16. ချီဖွေဖုံနယ် နှစ်ခြင်းခရစ်ယာန်အသင်းတော်
17. ကက်သလစ်အသင်းတော် (မြစ်ကြီးနားသာသနာ)RCM
18. မိုးညင်း ကချင်နှစ်ခြင်းအသင်းတော်
19. မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီ (MCC)
20. လီဆူအမျိုးသားတိုးတက်ရေး (ဒူးလေးပါတီ)
21. ကချင်ပြည်နယ် ဒီမိုကရေစီပါတီ (KSDP)
22. ကချင် ဒီမိုကရက်တစ်ပါတီ(KDP)
23. ထိန်နန်ဖုံနယ်နှစ်ခြင်းခရစ်ယန်အသင်းတော်များအဖွဲ့ချုပ် (THZ)
24. Myu Sha Zin Lum Hpung (ဖားကန့်)
25. မလိယာန် နှစ်ခြင်းခရစ်ယာန်အသင်းတော်
26. ဆဒုံး နှစ်ခြင်းခရစ်ယာန်အသင်းတော်
27. Humanitarian Institute (HI)
28. Htoi Gender
29. Ram Hkye
30. Kashin State Farmers Network
31. Kachin Alliance ( USA)
32. Wunpawng Ninghtoi (WPN)
33. Civil Society Networkfor Peace Kachin (CSNeP Kachin)
34. Loi Yam Bum Community Development Organization ( Moh Nyin)
35. Mingala Foundation ( Wai Maw)
36. CHAD
37. KBZ Social Service Group ( Moegaung)
38. Bhamaw Youth Network
39. Zinlum Bhamaw
40. Htoi Shalat Social Service group (Hpakant)
41. 88 New Generation (မိုးညှင်း)

42. Gender and Development Institute-Myanmar (Kachin State Office)
43. Kachin Development Foundation (USA)
44. Kachin Relief Fund (England )
45. Kachin Women Union
46. Kachin Women Association
47. နှစ်ခြင်းခရစ်ယာန်အသင်းတော်(မူရင်း) ( ကျွန်းပင်သာ၊ မြစ်ကြီးနား)
48. ဝါးရှောင်နှစ်ခြင်းခရစ်ယာန်အသင်းတော်
49. All Kachin Youth Union
50. Kachin Legal Aid Network (Shingnip)
51. KBC Hkrumra Committee
52. Kachin Lawyers Group
53. ပျိုး (မြစ်ကြီးနား)